**သတင်းထုတ်ပြန်ချက်**

၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်

**နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate-FEC) ပြန်လည်ရွေးနုတ်ယူခြင်း လုပ်ငန်း အစီအစဉ်အရ နိုင်ငံခြားငွေလက်မှတ်များ လာရောက်လဲလှယ်အပ်နှံနိုင်သည့် ဘဏ်၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာများ၏ အမည်စာရင်းများ ထုတ်ပြန်ခြင်း**

၁။ နိုင်ငံတော်အစိုးရနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားငွေလက်မှတ် (FEC) များ ပြန်လည်ရွေးနုတ်ယူရေး အစီအစဉ်အရ နိုင်ငံခြားငွေလက်မှတ် (FEC) ပိုင်ဆိုင်သူများ၊ လက်ဝယ်ရှိသူများသည် နိုင်ငံတစ်ဝန်းရှိ အောက်ဖော်ပြပါ ဘဏ်များ၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာ စုစုပေါင်း (၃၈၅) နေရာတွင် နိုင်ငံခြားငွေလက်မှတ် (FEC) များကို လာရောက်လဲလှယ်အပ်နှံနိုင်ပါ သည် -

(က) မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ခွဲ (၂၈၂)ခု

(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (၁)ခု

(ဂ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၏ ဘဏ်ခွဲ (၂)ခု

(ဃ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၂)ခု

(င) သမဝါယမဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၂၉)ခု

(စ) မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၇)ခု

(ဆ) အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (၁)ခု

(ဇ) ရိုးမဘဏ်လီမိတက် (၁)ခု

(ဈ) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၇)ခု

(ည) ဧရာဝတီဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၂)ခု

(ဋ) မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၁)ခု

(ဌ) ပထမပုဂ္ဂလိကဘဏ်လီမိတက် (၁)ခု

(ဍ) ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် (၁)ခု

(ဎ) ယူနိုက်တက်အမရာဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၇)ခု

(ဏ) အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၄)ခု

(တ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၃)ခု

(ထ) မြဝတီဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၃)ခု

(ဒ) ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်ခွဲနှင့် ငွေလဲကောင်တာ (၃၁)ခု

၂။ အဆိုပါ ဘဏ်၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာများအလိုက် ဝန်ဆောင်မှုပေးနိုင်သည့် နည်းလမ်းများနှင့် ၄င်းတို့၏ အမည်စာရင်းများကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

၃။ အထက်ပါ စာပိုဒ် (၁)တွင် ဖော်ပြထားသည့် ဘဏ်၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာများ စာရင်းတွင် မပါဝင်သော ပုဂ္ဂလိကဘဏ်နှင့် ဘဏ်မဟုတ်သော ကုမ္ပဏီများ၏ ငွေလဲကောင်တာ များတွင်လည်း နိုင်ငံခြားငွေလက်မှတ်များကို အပ်နှံနိုင်ပြီး တန်ဖိုးညီမျှသည့် ကျပ်ငွေဖြင့် ငွေသား ထုတ်ယူနိုင်ပါသည်။

၄။ အဆိုပါ နိုင်ငံခြားငွေလက်မှတ် (FEC) များ လဲလှယ် အပ်နှံနိုင်သည့် နေရာတိုင်းတွင် နိုင်ငံခြားငွေလက်မှတ် (FEC) ၏ ငွေလဲလှယ်နှုန်းသည် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းနှင့် တူညီစွာ တွက်ချက်လဲလှယ်ပေးမည်ဖြစ်ပါသည်။

၅။ နိုင်ငံခြားငွေလက်မှတ် (FEC) ပိုင်ဆိုင်သူများနှင့် လက်ဝယ်ထားရှိသူများသည် အထက်ပါ ဘဏ်များ၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာများတွင် မိမိတို့၏ သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်း (နိုင်ငံသားစိစစ်ရေးကဒ် သို့မဟုတ် Passport သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင်) ကို တင်ပြပြီး ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဖော်ပြထားသည့် နည်းလမ်းများအတိုင်း လဲလှယ်/အပ်နှံ နိုင်ပါသည်။

၆။ နိုင်ငံခြားငွေလက်မှတ် (FEC) များ အပ်နှံလဲလှယ်ရာတွင် သိရှိလိုသည့် စာရွက်စာတမ်း များနှင့် အဆင်မပြေမှု၊ အခက်အခဲ တစ်စုံတစ်ရာရှိသည့်အခါ အောက်ပါ လိပ်စာသို့ ဆက်သွယ် အကြောင်းကြားနိုင်ပြီး ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များအကြား အဆင်ပြေချောမွေ့စွာ လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည် -

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန**
ဖုန်း ၀၁-၅၄၃၁၃၆ ၀၁-၅၄၃၅၃၂ ၀၁-၅၅၈၂၇၈ ၀၁-၈၆၀၃၇၄၈
ဖက်စ် ၀၁-၅၄၃၅၃၂
Email nawehhpaw305@gmail.com

နိုင်ငံခြားငွေလက်မှတ် (FEC) များ ပြန်လည်ရွေးနုတ်ယူခြင်း
လုပ်ငန်းကြီးကြပ်မှုကော်မတီ